The Kumudra Weekly, 07 January 2005

# ကလေးတွေအတွက် ယူနီဆက်ရဲ့ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ စတင်



Child Protection programme ကို စီမံကိန်းလေးခု ခွဲပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိတယ်။

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈-** ယူနီဆက် (UNICEF) (မြန်မာ)ရဲ့ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်ကို ၂၀၀၄ ခုနှစ်ကစပြီး ကဏ္ဍသစ်တစ်ရပ် အဖြစ် သီးခြား ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

အကြမ်းဖက်ခံရခြင်း၊ လျစ်လျူရှု ခေါင်းပုံဖြတ်ခံရခြင်း၊ ခွဲခြားဆက်ဆံ အပယ်ခံရခြင်းတွေကို ခံစားနေရတဲ့ ကလေးငယ်တွေအတွက် အဓိကထား ဆောင်ရွက်တဲ့ အစီအစဉ်ပါ။

Child Protection programme မှာ စီမံကိန်းလေးခု ခွဲပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိတယ်။

စီမံကိန်း ၁ အနေနဲ့ မိဘအုပ်ထိန်းစောင့်ရှောက်မှု ကင်းလွတ်နေတဲ့ အပယ်ခံ လေလွင့် ကလေးတွေကို ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်တယ်။ စီမံချက်မှာ မိဘမဲ့ အပယ်ခံ ကလေးတွေရဲ့ အနာဂတ်ဘဝအတွက် လူမှုဝန်ထမ်း ဦးစီးဌာန၊ အစိုးရမဟုတ်တဲ့ လူမှု ဝန်ထမ်း အဖွဲ့အစည်းများက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လူမှုအသိုင်းအဝိုင်းမှာ ဝင်ဆံ့ပါဝင်စေဖို့ စောင့်ရှောက်သူတွေ (child care giver) ကို အထူး သင်တန်းပေးနေပါတယ်။

အထူးသဖြင့် အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ကူးစက်ခံရတဲ့ ကလေးငယ်တွေရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို စွမ်းရည်မြှင့်ဆောင်ရွက်ပေးနိုင်ဖို့လည်း World Vision နဲ့ ပူးပေါင်းပြီး ကလေးစောင့်ရှောက်သူ ဆရာဆရာမ၊ ကျန်းမာရေး၊ ဘာသာရေး ဝန်ထမ်းတွေကို သင်တန်းပေးနေပါတယ်။

စီမံကိန်း ၂ အနေနဲ့ ကလေးငယ်တွေကို ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဥပဒေ အရ အကာအကွယ် ပေးနိုင်ဖို့ပါ။ မြန်မာနိုင်ငံရဲ့ ကလေးသူငယ် ဥပဒေနဲ့ ပတ်သက်ပြီး တရားရုံးချုပ်၊ လူမှုဝန်ထမ်းအဖွဲ့အစည်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနနဲ့ အခြား အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ဆိုင်ရာ အမျိုးသားအလုပ်ရုံ ဆွေးနွေးပွဲတွေကို တရားရုံးချုပ်နဲ့ တွဲဖက် ဆောင်ရွက်တယ်။ စာတမ်းဖတ်ပွဲတွေ သင်တန်းတွေကိုလည်း စီစဉ်ပေးနေပါတယ်။

စီမံကိန်း ၃ ကတော့ လူကုန်ကူးခြင်း၊ ရောင်းစားခံရခြင်း၊ အရွယ်နှင့် မမျှ အလုပ်လုပ်နေရတဲ့ ကလေးငယ်တွေ လမ်းပေါ်ကလေလွင့် ကလေးတွေရဲ့ ဘဝကို ကာကွယ်စောင့်ရှောက်ပေးတဲ့ အစီအစဉ်ပါ။ ကလေးတွေရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုတွေနဲ့ ထွက်ပေါက်မဲ့ကလေးတွေကို ကာကွယ်စောင့်ရှောက်ပြီး မိသားစု လူမှုဘဝနဲ့ ပြန်လည်ဆုံလာစေဖို့ ဆောင်ရွက်ပေးတာပါ။ ကလေးငယ်တွေ လူငယ်အမျိုးသမီးတွေ လူကုန်ကူးခံရတဲ့ အန္တရာယ်က ကင်းလွတ်ကာကွယ်နိုင်အောင် (UNIAP) နဲ့ ပူးပေါင်းပြီး လူကုန်ကူးခြင်းဆိုင်ရာ သတိသတင်းလွှာများ ထုတ်ဖြန့်ခြင်း၊ ခုံအရာရှိများကို (ARCPPT) စွမ်းရည်မြှင့် သင်တန်းပေးခြင်း၊ စီမံချက် နယ်မြေများအတွင်း အဖွဲ့အစည်းများနဲ့ ပူးပေါင်းကာကွယ်စောင့်ရှောက်ခြင်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြပါတယ်။



စီမံကိန်း ၂ အနေနဲ့ ကလေးငယ်တွေကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဥပဒေ အရ အကာအကွယ် ပေးနိုင်ဖို့ပါ။

စီမံကိန်း ၄ အနေနဲ့ ကလေးငယ်တွေရဲ့ ပူးပေါင်းပါဝင်မှု ဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်း။ ကလေးသူငယ် အခွင့်အရေးဆိုင်ရာတွေ နားလည် သဘောပေါက်စေဖို့ အဓိက ဆောင်ရွက်တာ ဖြစ်တယ်။

ကလေးသူငယ် အခွင့်အရေးဆိုင်ရာနဲ့ ပတ်သက်ပြီး မြို့နယ်၊ တိုင်း၊ ပြည်နယ်နဲ့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ နားလည်သဘောပေါက် သိရှိ လိုက်နာဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ကလေးအခွင့်အရေးတွေနဲ့ ကလေးတွေ ပူးပေါင်းပါဝင်မှု ကဏ္ဍကို မြှင့်တင်ပေးဖို့ပါ။ အစီအစဉ်မှာ လူမှုဝန်ထမ်းဦးစီးဌာန၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ကလေးသူငယ် အခွင့်အရေးနဲ့ ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ သင်တန်းပေးခဲ့တာ၊ ၂၀၀၂ ခုနှစ်ကစပြီး အလုပ်ရုံ ဆွေးနွေးပွဲ သင်တန်း ၁၀၅ ခုမှာ လူပေါင်း ၂၃၀၀ ကို သင်တန်းပေးပြီးဖြစ်တယ်။

ကလေးတွေနဲ့ ကလေးငယ်တွေကို ပြုစုစောင့်ရှောက်ထားတဲ့ အဖွဲ့အစည်းတွေကို ချိတ်တွဲထားတဲ့ ကလေးဗဟိုပြုကွန်ရက် (child focused network) ကိုလည်း နည်းပညာဆိုင်ရာထောက်ပံ့မှု ကူညီမှု ပေးနေတယ်။ လူမှုဝန်ထမ်း ဦးစီးဌာန၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ကလေးသူငယ် အခွင့်အရေးနဲ့ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပညာပေး လှုပ်ရှားမှုတွေကို ဆောင်ရွက်ပေးတယ်။ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အထောက်အပံ့ ပစ္စည်းများ၊ ကြော်ငြာ လက်ကမ်းစာစောင်၊ သတင်းလွှာ၊ ဆောင်းပါးတွေကိုလည်း ကျောင်းတွေ၊ ဌာနတွေမှာ အင်တိုက်အားတိုက် ပါဝင်လာနိုင်စေဖို့ တက်ကြွစွာ ပါဝင်လှုပ်ရှားလာစေနိုင်ဖို့ စီစဉ်ဆောင်ရွက် ပေးလျက် ရှိပါတယ်။

ယူနီဆက်(မြန်မာ)ရဲ့ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်တွေကို မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ လူမှုအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြမှာ ဖြစ်တယ်လို့ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကဏ္ဍအစီအစဉ်က စီမံကိန်း အရာရှိ ဒေါ်အဲနီဂျူလင်းနာကြီး(ယူနီဆက်)က ပြောပါတယ်။

**ဆုမွန်အေး**